# စစ်ဆင်ရေးထုတ်ပြန်ချက်
## ဘီလုံးစစ်ဆင်ရေး

စာအမှတ်။ စဆရ/ရပကဖ/၀၁၃/၂၀၂၁
ရက်စွဲ။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

ရေးမြို့နယ် မြောက်ပိုင်း သံဖြူဇရပ်မြို့နယ်အနီး လိမ္မော်ခြံကျေးရွာနှင့် ဘုရားကုန်းကျေးရွာကြားရှိ အကြမ်းဖက် စစ်ကောင်စီ၏ ဆက်သွယ်ရေး မြေအောက်လိုင်းအား ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့ ညနေ ၃ နာရီ ၀န်းကျင်ခန့်တွင် ရေးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဖြတ်တောက်ခဲ့ပါသည်။

ယနေ့ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ရက်နေ့ မနက် ၁၀ နာရီခန့်တွင် အဆိုပါဆက်သွယ်ရေးလိုင်းအား လာရောက်ပြုပြင်သော စစ်ကောင်စီတပ်ဖွဲ့မှ အင်အား ၁၀ ယောက်ခန့်ကို ရေးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF) နှင့် သံဖြူဇရပ်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (TPDF) တို့၏ ပူးပေါင်းအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။ ရေးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က အောက်တိုဘာလအတွင်း အဆိုပါဆက်သွယ်ရေးလိုင်းအား ယခုစစ်ဆင်ရေးမတိုင်ခင် သုံးကြိမ်တိတိ ဖြတ်တောက်ခဲ့ပြီး လေးကြိမ်မြောက် ဖြတ်တောက်မှုအပြီးတွင် ဘီလုံးစစ်ဆင်ရေးကို စတင်ခဲ့သည်။ စစ်ကောင်စီဘက်မှ ကျဆုံးမှုစာရင်းကို အတည်မပြုနိုင်သေးပေ။

အဆိုပါ ဘီလုံးစစ်ဆင်ရေးကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီး ရေးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် သံဖြူဇရပ်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့က အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ပါသည်။

ရေးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
Ye People Defense Force-YPDF